# သခင့်စကား
The LORD's Word
ဝိညာဉ်ရေး ရာစာစောင်

သင်တို့သည် ငါ့ကို အမှီပြု၍ ငြိမ်သက်ခြင်း ရှိစေခြင်းငှာ ဤစကား ကို ငါ ဟောပြောပြီ။ – မစိုးရိမ်ကြနှင့် ငါသည် လောကကို အောင်ပြီ။
ယောဟန် ၁၆း၃၃

| အမှတ်စဉ် (၈၂) | ဇွန်လ | ၂၀၀၈ ခုနှစ် | ဓမ္မဒါန ( လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည် ) |
|---|---|---|---|


## ရေစုန် (နော်နော်)

သာယာလွန်းတဲ့ တေးသံ ၊ ပဲ့တင်သံလဲ မလိုခဲ့
ရောင်ပြန်ဟပ်ရန် မမှန်းမျှော် ၊ ရှိသည့်အတိုင်းသာ မြင်စေလို
အရာအားလုံးအတွက် စီးဆင်း နေအုံးမဲ့ ရေစုန် ။
  အေးမြလွန်းတဲ့မေတ္တာ ၊ စာနာလွန်းတဲ့ နှလုံးသား
  နက်ရှိုင်းလွန်းတဲ့ ကရုဏာ ၊ အပြုံးနဲ့သာ ရင်နှင်းဆပ်
  ပေးဆပ် မကုန်အောင် စီးဆင်းနေအုံးမဲ့ ရေစုန် ။
တခနတာ အတွက်လဲ မဟုတ် ၊ စီးဆင်းနိုင်လွန်းတဲ့ ရေစုန်
တစ်ဘဝစာအတွက်လဲ မဟုတ် ပေးစွမ်းနိုင်လွန်းသော
မေမေ့ရဲ့ ရင်ခွင်တစ်စုံမှ ရေအစုန်ဟာ
ထာဝစဉ် စီးဆင်းနေမယ် ၊ သားနဲ့ သမီးအတွက်တဲ့ ။



---

## ကြီးမားသောမှားယွင်းမှုဖြင့် (ခင်မာ)

အစောကြီးထ စာကျက် ၊ ဟင့်အင်း အခုမှ မိုးတောင် မလင်းသေးဘူး ။
မိန်းကလေးပီပီ သေသေသပ်သပ်ဝတ် ၊ ဟာ – ဖြစ်သလို ဝတ်မယ် ။
ဘီရိုထဲက အဝတ်တွေ မဖွနဲ့ စီစီရီရီထား ၊ အို – အမေဘဲ ပြန်စီလိုက်ပါ ။
ဆန်းဒေးစကူးလ် မှန်မှန်တက်၊ ပျင်းတယ် ဒီတနင်္ဂနွေနေ့ ရုပ်ရှင်ကားကောင်းတယ်
ကလေကချေနဲ့ မကြိုက်နဲ့ ငါ့သမီး ဘဝပျက်လိမ့်မယ် ၊
ပျက်ပါစေ ကိုယ်ကြိုက်တာ ကိုယ်ယူမယ် ။
ပညာမစုံ ကပျက်ကချော် ၊ လမ်းတစ်ဝက်မှာ ယောကျ်ားဆိုးနဲ့ ညားခဲ့ပြီ ။
ဒီကနေ့ ရှိ နောက်နေ့ မရှိ ၊ ငပိရည်တောင် ရေပြန်နွေးစားလို့
မလုံ့တလုံ ခနိတဲက တတိတိနဲ့ ယိုင်လာပြီ
ပုခက်ထဲက အမေ့မြေးလေး ၊ တဝါးဝါးနဲ့ ငိုနေရှာပြီ ။
နေဝင်နေထွက် ကိုညှက်က ၊ ပုလင်းလည်ဆွဲ အရက်တွဲနှင့်
ထုကြ ရိုက်ကြ ပွက်လောထ ။
လာကြပါ ကယ်ကြပါ ၊ အို အမေရေ အဖေရေ ကျုပ် သေပါပြီတော့ ။
ဖေက် ဖြး၁–သားသမီးတို့ သခင်ဘုရား၏ အလိုတော်နှင့်အညီ မိဘစကားကို နားထောင်ကြလော့။

---

## အမေ (MOTHER)

**M = Mercy** ကြင်နာခြင်း ။ **O = Organizer** စည်းရုံးဆောင်ရွက်သူ
**T = Teach** သွန်သင်ခြင်း ။ **H = Hatching** စနစ်တကျစီမံပြုလုပ်ခြင်း
**E=Effort**ကြိုးစားအားထုတ်ခြင်း။**R=Reconcile** ပြန်လည်သင့်မြတ်စေခြင်း

အိမ်ထောင်တွင် မိခင်တစ်ဦး၏ ကြင်နာခြင်းမေတ္တာ၊ စည်းရုံးဆောင်ရွက်ခြင်း၊ သွန်သင်ခြင်း၊ စီမံခန့်ခွဲခြင်း၊ ကြိုးစားခြင်းနှင့် ပြန်လည် သင့်မြတ်စေခြင်းတို့ကို တွေ့ရှိနိုင်ပါသည်။ ကပ်ကမ္ဘာကုန်သည့် တိုင်အောင် လူသားတို့နှင့် အတူ ရှိမည်ဟု ကတိပေးခဲ့သော ဘုရားသခင်သည် မိခင်များ၊ ဖခင်များနှင့် အတူ ထာဝရ ကာလ အတူပါရှိ၍ ကောင်းကြီးပေးပါရန် ဆုတောင်းမေတ္တာ ပို့သလိုက်ပါသည်။ ။ **Mary** (ဖျာပုံ)

---

## သမိုင်းတင်လောက်တဲ့မေမေ ဘော်ဘော်(KL)



အူဝဲ အူဝဲ ငိုသံကြားရာ ၊ အပြေးအလွှား နို့ချိုတိုက်ကျွေး
အငိုတိတ်ပြေ သီချင်းလေးဆို ။
  အဖိုးထိုက်မှန် ပြည်တန် ပတ္တမြား ၊  မေမေ့အကြင်နာ ဆုံးမစကား
  တစ်ခွန်းလောက်မှ တန်ဖိုးမရှိ ။
ပြောင်းလဲတတ်တဲ့ လောက ဟောင်းထဲ ၊ မပြောင်းမလဲ အံတုအပြုံးနဲ့
ချစ်နေတာက အမေပါ ။
  နှလုံးသားစာရွက် ကဗျည်းရေးထိုး ၊   သံမှိုစွဲလျှက် စာလွှာလေမှာ
  သမိုင်းတင်လောက်တဲ့ အမေ။

## အဖိုးမြတ်လှ ဝါဒ Samuel Soe Lwin (ကလေးမြို့ချောင်းပြည်နယ်)

မိဘစကား ၊ လေးထားငြားက ။ ကင်းပအမှား ၊ သား ယုံစားလျှက်
သို့ဝှက်ရင်ဝယ် ၊ သကာ နှယ်သို့ ၊ သားငယ်ကျင့်သုံးလျှက်ပါ အမေ ။
  ချစ်တဲ့မိခင် ၊ သွန်သင်ဆုံးမ ။ လမ်းပြပို့ဆောင် ၊ ဓမ္မဘောင်သို့
  ထိုထိုကျိုးဆက် ၊ သီးပွင့်ခက်ဝေ ၊ သားငယ် ဘေးကင်းလျှက်ပါ အမေ ။
လိုသူကိုမြင် ၊ တွဲယှဉ်ဖေးမ ၊ ထူမ ခေါ်ဆောင် ၊ လွဲကာ မရှောင်နဲ့
သွန်သင်စကားမှ ၊ ရလဒ် ဖွားဝေ ၊ သားငယ် ဂုဏ်တင့်လျှက်ပါ အမေ ။
  နိစ္စဓူဝ ၊ ဗာဟိရတို့ ၊ မျက်သို့မကွယ် ၊ ဖယ်ကျဉ် မထား
  နိုးကြားလုပ်ဆောင် ၊ မြဲဖေါ်အောင်၍ ၊ သားငယ် အေးချမ်းလျှက်ပါ အမေ ။

---

## ဟန်ဆောင် နှင်းရထိုက်

ပေါင်ဒါ မိတ်ကပ် ၊ နှုတ်ခမ်းနီ ပါးနီတွေနဲ့ မျက်နှာကို ဆေးဆိုးထားလဲ ၊
အကောင်းစား ရေမွှေး တွေနဲ့ တစ်ကိုယ်လုံးဖျန်းထားလဲ ၊
အပုပ်ကောင်ကို သရုပ်ဆောင်တဲ့ သဘောပါဘဲ ၊
  အပြုံးသဏ္ဍာန်ဆောင်ပြီး ရင်ထဲ မပါ၊ နှုတ်ခမ်းဖျားက မေတ္တာ စကား ဆိုလဲ
  အတွင်းသဘောက ထုံးဖြူ သုတ်ထားတဲ့ အုတ်ဂူတစ်လုံး လိုပါဘဲ။
ဟန်ဆောင်အလှတွေ ဆင်ကြ၊ ဟန်ဆောင်အပြုံးတွေ ပြုံးကြ
ဟန်ဆောင်အချစ်တွေ ချစ်ကြ၊ တို့လူသားတွေ ဟန်ဆောင် အသက်ရှင်ကြ။

---

## သက်သေခံချက် (Lin)

ကျွန်မကို ဘုရားသခင်က အရာရာတိုင်းမှာ စောင့်ရှောက်နေကြောင်း အနည်းငယ် သက်သေခံလိုပါတယ်။ ကျွန်မဟာ စင်ကာပူနိုင်ငံမှာ လာရောက်အလုပ် လုပ်ကိုင်နေတဲ့ သူတစ်ယောက်ဖြစ်ပါတယ်။ အလုပ်ကတော့ အိမ်တွင်းမှုလုပ်ငန်း ဖြစ်ပါတယ်။ ကျွန်မ စင်ကာပူနိုင်ငံကို မရောက်ခင်မှာ စုံစမ်း နှောက်ယှက်မှုတွေနဲ့ တွေ့ကြုံရပါတယ်။ ကျွန်မ သူငယ်ချင်းတွေက စင်ကာပူနိုင်ငံက အလုပ်ရှင် အိမ်ရှင်တွေ မကောင်းလို့ ပြန်လာခဲ့ရတဲ့သူတွေ ဖြစ်ပါတယ်။ သူတို့တွေရဲ့ ပြောစကားကြောင့် ကျွန်မဟာ စင်ကာပူနိုင်ငံကို သွားဖို့ ကြောက်လန့် နေခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်မ ဘုရားသခင်ဆီမှာ အမြဲတမ်း ဆုတောင်း ပါတယ်။ အလိုတော်ရှိရင် ပို့ဆောင်ပါ။ အိမ်ရှင်ကောင်း အလုပ်ရှင် ကောင်းတွေနဲ့လဲ တွေ့နိုင်အောင်လို့ မစပါလို့ နေ့စဉ် နေ့တိုင်းဆုတောင်းပါတယ်။

ဘုရားသခင်ဟာ ကျွန်မရဲ့ ဆုတောင်းသံကို နားညောင်းပေးပါတယ်။ ကျွန်မ စင်ကာပူနိုင်ငံကို ရောက်လာခဲ့ပါတယ်။ အိမ်ရှင်ကောင်းနဲ့ လဲတွေ့ခဲ့ရပါတယ်။ အခုဆိုရင် ကျွန်မ အလုပ်လုပ်တာ တစ်နှစ်ပြည့်သွားခဲ့ပါပြီ။ အရာအားလုံးမှာ ဘုရားသခင်စောင့်ရှောက်ပေးပါတယ်။ အိမ်ရှင်တွေ အယောက်စီတိုင်းနဲ့ လဲအဆင်ပြေပါတယ်။ သူတို့တွေဟာလဲ ကျွန်မကို ချစ်ကြ ပါတယ်။ ဒါတွေအားလုံးဟာ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကြောင့်ဘဲဖြစ်ပါတယ်။

ကျွန်မရဲ့ အလုပ်ရှင်ရဲ့မိန်းမ က ကင်ဆာရောဂါသည် တစ်ယောက်ဖြစ်ပါတယ်။ သူ့ကို ကြည့်ရှုဖို့ အတွက်ဘဲ ကျွန်မကို ခေါ်ထားတာ ဖြစ်ပါတယ်။ တစ်နေ့မှာ အဲဒီ အန်တီဟာ သူ့ရောဂါနဲ့ဘဲ ဆုံးသွားပါတယ်။ တကယ်တမ်းဆိုရင် ကျွန်မကို သူတို့ မလိုအပ်တော့ပါဘူး။ ကျွန်မဟာ အဲဒီအချိန်တုံးကဆိုရင် အိမ်ပြန်ရမှာကို အရမ်းကြောက်လန့်နေခဲ့မိပါတယ်။ ကျွန်မရဲ့ ရည်ရွယ်ချက်တွေကို အကောင်အထည် မဖော်ရသေးဘူးလေ။ ဒါ့ကြောင့် ကျွန်မ ဘုရားသခင်ဆီမှာ ဆက်လက်ဆုတောင်းပါတယ်။ အလုပ်ရှင်တွေက ကျွန်မကို အိမ်ပြန် မပို့ဖို့ အတွက်ပေါ့။ နောက်ဆုံးမှာ ဘုရားသခင်ဟာ ကျွန်မကို ကောင်းကြီးပေးပါတယ်။ ကြည့်ခဲ့တဲ့ လူနာ သေဆုံးသွားပေမဲ့ အလုပ်ရှင်တွေက ကျွန်မကို ပြန်မလွှတ်ဘဲ ဆက်ခေါ်ထားပါတယ်။ အဖွားတစ်ယောက်ကို ကြည့်ရှုစောင့်ရှောက်ဖို့ အတွက်ဘဲ ဖြစ်ပါတယ်။ အဲဒီ အချိန်တုံးကဆိုရင် ကျွန်မ ဘုရားသခင်ကို အရမ်းဘဲ ကျေးဇူးတင်ပါတယ်။ ဘုရားသခင် မတတ်နိုင်တဲ့ အရာ မရှိဘူးဆိုတာ ကိုလဲ နားလည် သဘောပေါက်လာခဲ့မိပါတာယ်။ ယုံကြည်သူ ညီအစ်ကို မောင်နှမ အယောက်စီတိုင်းကို တိုက်တွန်း ချင်တာက ယုံကြည်မှု တစ်ခုတည်းနဲ့သာ


ဆုတောင်းပါ၊ ဘုရားသခင်က နေရာတိုင်းမှာ စောင့်ရှောက်ပေးမှာပါ။ တစ်ခါတစ်ရံ ဆုတောင်းသံတွေကို ဘုရားသခင် အဖြေ မပေးသေးတဲ့အခါမှာလဲ စိတ်ဓါတ် မကျပါနဲ့၊ ဆက်လက် ဆုတောင်းပါ။ နောက်ဆုံးမှာ ဘုရားသခင်က ကောင်းကြီးမင်္ဂလာ ချပေးမှာ ဖြစ်ပါတယ်။ ဒီလောက်နဲ့ဘဲ သက်သေခံချက်ကို နိဂုံးချုပ်လိုက်ပါတယ်။ စာဖတ်သူ အယောက်စီတိုင်းကို ဘုရားသခင် ကောင်းကြီးပေးပါစေ။ ။ **( LIN )**

---

## ပြုံး ဤချစ်တတ်ပြီ (မာရာနသာနီနီခိုင်)

ထာဝရဘုရားကို ကြောက်ရွံ့၍ ပညတ်တော်တို့၌ အလွန် မွေ့လျော် သော သူသည် မင်္ဂလာရှိ၏ ဆာလံ ၁၁၂း၁

တစ်ခါတုံးက ရွာလေးတစ်ရွာမှာ အမှုတော်ဆောင်တစ်ပါးရှိပြီး သူ့မှာ သား သုံးယောက်နဲ့ သမီးသုံးယောက်ရှိပါတယ်။




သား သမီး တွေ အရွယ် မရောက်ခင်မှာ ဘုရားသခင်ရဲ့ ခေါ်တော်မူခြင်းခံရတဲ့အတွက် ကျန်ခဲ့တဲ့ ဇနီး သည်နဲ့ သားသမီးတွေဟာ စားဝတ်နေရေး ခက်ခဲ မှုကြားမှာ ပင်ပန်းစွာ ရှင်သန်ခဲ့ရကြပါတယ်။ အဲဒီအချိန်မှာ အသက် ၁၂ နှစ်အရွယ် ရှိတဲ့ စတုတ္ထမြောက်သားဟာ သူများအိမ်မှာ စာရင်းငှား အလုပ်ကို ဝင်လုပ်ခဲ့ပြီး မိခင်နဲ့ မိသားစုကို ကူညီ ခဲ့ပါတယ်။ မိခင်ဖြစ်သူက သားအကြီးနဲ့ သမီးငယ်ကို ကျမ်းစာကျောင်း၌ ဓမ္မပညာ သင်ကြားခွင့်ပြုခဲ့ပြီး စတုတ္ထမြောက်သားဟာ သူ့ရဲ့ ဆန္ဒထက် မိသားစုရဲ့ လိုအင်ကို ရင်မှာ မျိုသိပ်ပြီး သိမ်းထားခဲ့ရပါတယ်။ ဒီလိုနဲ့ စတုတ္ထမြောက်သားဟာ အသက် ၂၀ နှစ်အရွယ်မှာ နံရိုးရှင်ကို ရှာတွေ့ခဲ့ပြီး အိမ်ထောင်ပြုခဲ့ရာမှာ သားသမီး ၅ယောက် ထွန်းကားခဲ့ပါတယ်။

စတုတ္ထမြောက်သားဟာ သူ့ရဲ့သားသမီးများကို ဆုံးမတာ ပုံစံမတူဘဲ ၅ယောက်ကို နည်းငါးမျိုးနဲ့ ဆုံးမခဲ့ပါတယ်။ နံပါတ် ၁ သားကြီးက အပေါင်းအသင်း ခင်သူပီပီ လမ်းပေါ်မှာနေ၊ လက်ဖက်ရည်ဆိုင်မှာ စားပြီး မကောင်းတဲ့ အတတ်မျိုးစုံ တတ်တဲ့ အတွက် သူ့ရဲ့ ခေါင်းပေါ်မှာ လက်တင်ပြီး ဆုတောင်းပေးပါတယ်။ နံပါတ် ၂ ကတော့ မိဘကို သိတတ်၍ ကူညီတတ်သူမို့ အထွေအထူး ဆုံးမတာ မတွေ့ရပါဘူး။ နံပါတ် ၃ ကျတော့ အိမ်လည်၊ ငှက်ပစ်၊ ဂေါ်လီရိုက် တတ်တာမို့ တုတ်တစ်ချောင်း ကိုင်ကာ နောက်မှ ရှုံးရင် လိုက်ရိုက်၊ နိုင်ရင် ငွေသိမ်းရင်း ဆုံးမခဲ့ပါတယ်။ နံပါတ်၄ ကတော့ သူ့ကို ပြောရင် မကြိုက်တတ်တဲ့ သူမို့ ဘာမှမပြောဘဲ ဆုတောင်းပေးနေတတ်ပါတယ်။ နံပါတ်၅ ကျတော့ အပြစ်လုပ်တိုင်း မဆူမရိုက်ဘဲ ပြုံးပြုံးကြီး ကြည့်၍ ကျမ်းစာ ဖတ်ခိုင်းတော့ နံပါတ် ၅ က အပြစ် မလုပ်မိအောင် ကြိုးစားခဲ့တယ်။ ဘာဖြစ်လို့လဲ ဆိုတော့ အပြစ် လုပ်မိတိုင်း ကျမ်းစာ ဖတ်ခိုင်းတာ ဆိုတော့ ကျမ်းစာ မဖတ်ချင်လို့ပေါ့။ နောက်ပိုင်းတော့ အပြစ် မလုပ်လဲ ကျမ်းစာ ဖတ်ခိုင်းတော့တာဘဲ။ ဒါ့ကြောင့် အကြီးတွေကျတော့ မဖတ်ခိုင်းဘူး၊ သူတစ်ယောက်တည်းကိုဘဲ ဖတ်ခိုင်းတယ်လို့ ဆင်ခြေတက်မိလို့ နံပါတ် ၄ ပါ ကျမ်းစာ ဖတ်နေရပါတယ်။

ညဖက် အိမ်ထောင်ဝတ်ပြုစည်းဝေးကို ဖခင် ကိုယ်တိုင်ဦးဆောင်ကာ အယောက်စီတိုင်းကို ကျမ်းစာ ဖတ်ခိုင်းပြီး သူရသမျှ ကျမ်းပိုဒ်များကို အကုန်ရွတ်တတ်သောကြောင့် အိမ်မှာ လူခါ ချင်ရင် ဘုရားရှိခိုးမယ်လို့ ပြောလိုက်ရင် ဦးလေး အဒေါ်နဲ့ မိသားစုဝင် မဟုတ်တဲ့သူတွေ အသီးသီး ထပြန်တဲ့အခါ ဖခင်က ပြုံးပြီး ဘုရားကြောက်တဲ့ ဟာတွေလို့ ကောက်ချက်ချတတ်ပါတယ်။ နံပါတ်၅ လဲ ဖခင် အိမ်မှာ ရှိရင် ကျမ်းစာဖတ်ချင် ယောင်ဆောင်ပြီး ဖခင် အိမ်မှာ မရှိတဲ့အခါ ကျမ်းစာဖတ်တယ်လို့ပြောပေးဖို့ အမိုးကို အဖော်စပ် ရတာလဲ အမောပါဘဲ။ ဒါကို သိတဲ့ ဖခင်က ကျမ်းစာ ကို အလွတ်ရွတ် ခိုင်းပြီး ရတဲ့ သူကို ဆုပေးတတ်ပါတယ်။ အဲဒီအချိန်တုံးက သုတ္တံ ၂၇း၇ ထဲမှာ ပါတဲ့ စား၍ ဝသောသူသည် ပျားလပို့ ကိုပင် ငြင်းပယ်လိမ့်မည်။ မွတ်သိပ်သော သူမူကား ခါးသောအရာကိုပင် ချိုသည်ဟု ထင်တတ်၏။ ဆိုတဲ့ ကျမ်းစကား လိုဘဲ နှုတ်ကပါတ်တော်ကို ဆာငတ်တဲ့ အသက်တာ မရှိတော့ အင်မတန် ချိုပေမဲ့လဲ ခါးတယ် လို့ ထင်ခဲ့မိပါတယ်။

ဒီလိုနဲ့ နံပါတ်၅ ရဲ့ နှလုံးသားထဲမှာ သန့်ရှင်းသော ဝိညာဉ်တော်ဘုရား ဟာ ဘယ်လို အလုပ်လုပ်လာသလဲဆိုရင် ဆာလံ ၁၉း၇ ထာဝရဘုရား၏ တရားတော်သည် စုံလင်သည်ဖြစ်၍ စိတ်ဝိညာဉ်ကို ပြုပြင်တတ်၏။ ထာဝရဘုရား၏ သက်သေခံတော်မူချက်တို့သည် ဟုတ်မှန်သည်ဖြစ်၍ မလိမ္မာသောသူကို လိမ္မာ စေတတ်၏။ ဆိုတဲ့ စကားအတိုင်း ဘုရားသခင်ရဲ့ ပြုပြင်ပြောင်းလဲ ပေးမှုကြောင့် ဖခင်က ဖတ်ခိုင်းစရာ မလိုဘဲ ကျမ်းစာကို ခုံခုံမင်မင် ဖတ်တတ်ခဲ့ပါတယ်။ နောက်ဆုံး ကျမ်းစာများများ ဖတ်လာတော့ သူများကို လက်ညှိုးထိုးတတ်တဲ့ အသက်တာမှ ကိုယ့်ရဲ့ အားနည်းချက် ဟာကွက်များကိုသာ မြင်တွေ့လာရပြီး ဝိညာဉ်သဘော သဘာဝတွေ ရလာခဲ့ပါတယ်။ နံပါတ် ၅ ရဲ့ အဖေဟာ အရက် သောက်တတ်တဲ့အတွက် အမေနဲ့ ရန်ဖြစ်ပြီး စကားတောင် မခေါ်မပြောဘဲနေခဲ့ကြပါတယ်။ နံပါတ် ၅ က အရက်သမားလဲ ကိုယ့်အဖေဘဲ လို့ ပြော လိုက်တဲ့ စကား တစ်ခွန်းကြောင့် အဖေ အရက်ပြတ်သွားခဲ့ပါ တယ်။ နောက်ပိုင်းမှာ ဖခင်ဟာ ကျမ်းစာကျောင်း မတက်ပေမဲ့လဲ ဧဝံဂေလိ လုပ်ငန်းကို သူကိုယ်တိုင် ဦးစီးပြီး လုပ်ဆောင်ခဲ့ပါတယ်။ နောက်ဆုံးမှာ နံပါတ် ၅ ထောက်ပံ့တဲ့ ငွေနဲ့ ဖခင်ကို မျက်စိခွဲစိတ်ကုသမှုခံရန်၊ မွေးရပ်မြေမှာ ဧဝံဂေလိ လုပ်ဆောင်ရန်၊ ယုံကြည်သူများကို ကျမ်းစာဖတ်လာအောင် သင်ကြားပေးရန် တောင်းဆိုတဲ့ အခါ ဖခင်က သဘောတူခဲ့ပါတယ်။

ဖခင်ဟာ မျက်စိခွဲစိတ် ကုသမှုခံပြီး ဆေးရုံပေါ်က ဆင်းတော့ ဆရာဝန်က “ဖထီး မျက်စိက အကောင်းဆုံးဘဲ ကလေးလေးလိုဘဲ၊ အားတွေ အရမ်းကောင်းတယ်” လို့ ပြောတဲ့အတွက် ဖခင်က တပြုံးပြုံးနဲ့ အမှုတော်မြတ်မှာ ပါဝင်တော့မယ် ဆိုပြီး ဝမ်းသာမဆုံး တပြုံးပြုံးနဲ့ အပြုံးများ ဖြာဝေနေတဲ့ ဖခင်ဟာ ရုတ်တရက် ရင်ဘတ်အောင့်တယ် လို့ နေ့ခင်းမှာ ပြောပြီး ညအိပ်နေချိန်တွင် အပြုံးမပျက် အိပ်နေရင်းနဲ့ ထာဝရဘုရားသခင်ရဲ့ရင်ခွင်မှာ အနားယူရန် ခေါ်ဆောင်တော်မူခြင်းခံရပါတယ်။ ဈာပန ချတဲ့နေ့မှာ သူ့ သူငယ်ချင်းများက လာ၍ နံပါတ်၅ ကို တွေ့တဲ့အခါ နင့်မိသားစု ထဲမှာ နင်ဟာ ဘုရားသခင်ရဲ့ ကောင်းကြီး မင်္ဂလာကို အများကြီးခံစားရတယ်၊ ဘာဖြစ်လို့လဲ ဆိုရင် နင့်ကြောင့် သူ့ အသက်တာ ပြောင်းလဲခဲ့တာလို့ နင့်အဖေက ရောက်လေရာရာ အသင်းတော်တိုင်းမှာ သက်သေခံခဲ့တယ်။ လို့ ပြောခဲ့ပါတယ်။ နံပါတ် ၅ ကတော့ စင်ကာပူက လူလူချင်း မစာနာ မထောက်ထား ခိုင်းစေ တာတွေကို တွေးမိတဲ့အခါတိုင်း ဖခင်ပြောခဲ့တဲ့ စကားဖြစ်သော မြေကြီး ပေါ်မှာ နေရင် အလုပ်လုပ်ရမယ်၊ နားနားနေနေ နေချင်ရင် ကောင်းကင်ဘုံရောက်မှ နားရမယ် ဆိုတာကို ပြန်ကြားယောင် နေမိပါတော့တယ်။ ဖခင်ရဲ့ ကျေးဇူးတော် ကြောင့် နှုတ်ကပါတ်တော်ကို မြတ်နိုးခုံမင်သူ တစ်ယောက် ဖြစ်လာရတယ်ဆိုတာ ကို ဖခင်ရဲ့ ၆ နှစ်မြောက် ခေါ်တော်ခြင်း အမှတ်တရအဖြစ် ဖခင်များနေ့ မှာ သက် သေခံ ရေးသားလိုက်ရပါတယ်။ ။ ***( မာရာနသာနီနီခိုင် )***

---

## အဖေ အေးအေးသိန်း ( CEF )

ဖေဖေ့ သမီးလေးကို ကျောပိုးအိတ်ထဲ ထည့်သွားချင်တယ် ဆိုတဲ့ ရှေ့တန်းထွက်ခါနီး ကျွန်မကို ဖေဖေ ပြောနေကျ စကားလေးကို သတိရမိပါတယ်၊ ခရီး ခနခန ထွက်ရတဲ့ ဖေဖေ့ကို မေမေထက် ကျွန်မ ပိုချစ်ခဲ့ရပါတယ်၊ သူတပါးနဲ့ စကားပြောတဲ့အခါ ရိုစရာ စကားတွေနဲ့ ဖေဖေက စကားဝိုင်းရဲ့ ဦးဆောင်သူဘဲ ဖြစ် ပါတယ်။ ရယ်လိုက်ရင် ပါးချိုင့်လေး နှစ်ဘက် ခွက်နေအောင် ရယ်တတ်တဲ့ဖေဖေဟာ လူချော တစ်ဦးလဲ ဖြစ်ပါတယ်။ ဖေဖေ့ အကြောင်းကို တွေးရင်း ကျွန်မ ဖတ်မိတဲ့စာအုပ်ထဲက




ငါးဖခင် အကြောင်းကို သွားသတိရမိပါတယ်။ ငါးမက ငါးဥတွေကို အုပြီးရင် ဖခင်ဖြစ်တဲ့ငါးထီးက ဥကလေးတွေကို အကောင်ပေါက်လာအောင် သူ့ပါးစပ်ထဲမှာ ထည့်ပြီး ငုံထားပေးပါတယ်။ ဒါ့ကြောင့် ငါးဖခင်ဟာ အစာကို တော်တော်နဲ့ မစားရဘဲ နေရပါတယ်တဲ့။ ဖခင်ဖြစ်တဲ့ ငါးရဲ့ ဖခင်စိတ်ဓာတ် ရှိတာကို ကျွန်မ သဘောကျမိပါတယ်။

နောက်သတ္တဝါ တစ်မျိုးကတော့ ပင်ကွင်းငှက်ပဲ ဖြစ်ပါတယ်။ ပင်ကွင်းငှက်တွေဟာ အေးတဲ့ တောင်ဝင်ရိုးစွန်းမှာ နေပါတယ်၊ အမတွေက ဆောင်းလလယ် ရောက်တဲ့အခါ ရေခဲပေါ်မှာ ဥတစ်လုံးစီ အုပါတယ်။ အဲဒီအခါမှာတော့ ပင်ကွင်း အထီးတွေက သူ့ရဲ့ ခြေနဲ့ ပူဖောင်း နေတဲ့ ဝမ်းဗိုက်ကြားမှာ ဥတွေကို နွေးစေဖို့ ၂လကြာပြီး အကောင်ပေါက်တဲ့အထိ ထည့်ပြီး သိပ်ထားတယ်လို့ ဖတ်ရပါတယ်။ ပင်ကွင်းဖေဖေ တွေရဲ့ တာဝန်ယူတတ်တဲ့ ဓလေ့

စရိုက်ကို ကျွန်မ သဘောကျမိပါတယ်။ တချို့သော ဖခင်တွေဟာ စကားလုံး လှလှပပလေးတွေကို တန်ဆာဆင် မပြောတတ်ပေမယ့် သူတို့ရဲ့ ချစ်တယ်ဆိုတဲ့ အကြောင်း တွေကို နည်းအမျိုးမျိုးနဲ့ ပြသကြပါတယ်၊ တချို့သော ဖခင်တွေကတော့ သားသမီးအရင်းကိုတောင် စွန့်ပစ်လို စွန့်ပစ် မညှာမတာ



ပြုမူတဲ့ ဖခင်တွေလဲ ရှိပါတယ်၊ ကျွန်မရဲ့ ဖေဖေဟာ ရှေ့တန်းကို ထွက်တဲ့ အခါမှာတော့ ကျွန်မကို ကျောပိုးအိတ်ထဲမှာ ထည့်ပြီး ခေါ်မသွားနိုင်ခဲ့ပါဘူး။ ဒါပေမယ့် ဒီစကားလေးကို ကျွန်မ အခုချိန်ထိ မှတ်မိနေဆဲပါ။ ဖေဖေက ကျွန်မကို သိပ်ချစ်ခဲ့တယ် ဆိုတာကိုလည်း မှတ်မိခဲ့ရပါတယ်။ ၂၀၀၇ခုနှစ်ရဲ့ နှစ်စစ ချင်းမှာပဲ ကျွန်မ သိပ်ချစ်တဲ့ ဖေဖေနဲ့ ကျွန်မ ထာဝရ ခွဲခွာခဲ့ရပါတယ်။ ဖေဖေဟာ ဆုံးသွားတဲ့အချိန်မှာ ခရစ်ယာန် တစ်ယောက်လို သင်္ဂြိုလ် ခဲ့ရပေမယ့် အသက်ရှင်စဉ်တုံးက မှားယွင်းတဲ့ ဩဝါဒထဲမှာဘဲ စုန်းစုန်း နစ်မြုပ်ခဲ့ရပါတယ်၊ ဆာလံကျမ်းကို ဂါထာတစ်ပုဒ်လို အထပ်ထပ် ရွတ်ပြီး စီးပွားတက်ဖို့ ဖေဖေ လုပ်ခဲ့ပါတယ်၊ လုပ်ငန်းအောင်မြင်ဖို့ ရက်၄၀ အစာရှောင်တာကို ကျကျနနကြီး လုပ်ဆောင်ခဲ့ပါတယ်။ နေမကောင်း ဖြစ်တဲ့အခါ မှာတောင် နွားနို့ ၂၅ကျပ်သားနဲ့ ဆီ၁၀သားကို ဆေးအဖြစ်နဲ့ သူတို့ ဂိုဏ်းဝင် ပရောဖက် စကားကို စွဲစွဲမြဲမြဲ ယုံကြည်ခဲ့ပါတယ်။ ကျွန်မ ကတော့ မှန်ကန်တဲ့ နှုတ်ကပါတ်တော်ကို ဖေဖေ့ကို ပြောပြဖို့အတွက် အခွင့်အရေး မရခဲ့ပါဘူး။ ဖေဖေ ဆုံးပြီလို့ သိလိုက်ရတဲ့အချိန်မှာ ကျွန်မ ကြေကွဲ ဝမ်းနည်း ခဲ့ရပါတယ်။ မျက်ရည်တွေ စီးကျနေတဲ့ ကျွန်မကို ကြည့်ပြီး ကျွန်မရဲ့ သားက "ဖိုးဖိုး ဆုံးတာ မေမေ ဒီလောက် ဝမ်းနည်းနေရင် မဆုံးခင်က ဖိုးဖိုးကို သခင် ယေရှု အကြောင်းကို ပြောပြထားပါလား၊ သေသွားပြီးမှ ငိုနေလို့ ဘာမှ ထူးမလား" လို့ပြောခဲ့ပါတယ်။ အသက်ရှင်နေသေးတဲ့ ဖခင်တွေ ရှိနေသေးရင် အခုကတည်းက သခင်ယေရှုအ ကြောင်းပြောပြထားဖို့ ကျွန်မတိုက်တွန်းချင်ပါတယ်၊

ကျွန်မ ကတော့ ကျွန်မ သိပ်ချစ်တဲ့ ဖခင်ကို ဆုံးရှုံးခဲ့ရပါပြီ၊ မိတ်ဆွေတို့ကော သိပ်ချစ်တဲ့ဖခင်။ မချစ်ဘဲ ရင်နာစေခဲ့ရတဲ့ ဖခင်၊ စိတ်နာ လောက်အောင် ဖြစ်ခဲ့ရတဲ့ ဖခင်။ နာမည်ကိုတောင် မသိ လိုက်ရတဲ့ဖခင်။ မြင်တောင် မမြင်ဖူးလိုက်တဲ့ ဖခင် စတဲ့ ဖခင်တွေ ရှိခဲ့မယ် ဆိုရင် အဲ့ဒီဖခင်ကို မဆုံးရှုံးခင်မှာ စစ်မှန်တဲ့ သမ္မာတရားကို ဒီနေ့ကဘဲ စတင်ပြီး ပြောပြလို့ ရပါတယ်။ သူတို့ ချစ်တာကို ဖွင့်မပြောတတ်တဲ့ ဖခင်။ သားသမီးကို အရိပ် တကြည့်ကြည့် နဲ့ ကြည့်နေတတ်တဲ့ ဖခင်။ စွန့်လွှတ် အနစ်နာ ခံတတ်တဲ့ ဖခင်။ တာဝန်ယူ စောင့်ရှောက်တတ်တဲ့ ဖခင်။ တာဝန်မဲ့စွာနဲ့ စွန့်ပစ်သွားခဲ့တဲ့ ဖခင်။ ညှာတာမှု ကင်းမဲ့တဲ့ ဖခင်တွေ ရှိနေသေးတယ်ဆိုရင် သူတို့ အသက်ရှင်နေသေးတဲ့ အချိန်ဟာ စစ်မှန်တဲ့ သမ္မာတရားကို ရွေးချယ်ဖို့ အချိန်ကောင်းပဲဆိုတာ မှတ်ယူပြီး ကမ္ဘာပေါ်မှာ ရှိနေတဲ့ အားလုံးသော ဖေဖေတွေအတွက် ဘာမှ မလုပ်ပေးနိုင် ပေမယ့် ကိုယ့်ရဲ့ တစ်ဦးတည်းသော ဖေဖေ အတွက် ကျွန်မတို့ ဘာများ လုပ်ပေးပြီးပြီလဲလို့ ... ... ။ ခရစ်တော်၌ ***အေးအေးသိန်း*** **( CEF )**

---

## ကျွန်တော်နှင့် OTရငွေ (ဆူး)



ကျွန်တော်သည် စင်ကာပူနိုင်ငံရှိ သေးငယ်သော ကုမ္ပဏီ တစ်ခုတွင် လျှပ်စစ် အလုပ်သမားတစ်ယောက်အနေဖြင့် အလုပ် လုပ်ကိုင်နေပါသည်။ အထူးသဖြင့် သင်္ဘောကျင်း လုပ်ငန်း တွင်းရှိ လျှပ်စစ်ပိုင်းဆိုင်ရာ ပစ္စည်းများ တပ်ဆင်ခြင်း၊ ပြုပြင်ခြင်း၊ စစ်ဆေးပေးခြင်း လုပ်ငန်းကို လုပ်ကိုင်ရသော အလုပ်သမားလဲ ဖြစ်သည်။ ယနေ့စင်ကာပူတွင် လာရောက် အလုပ် လုပ်ကိုင်နေကြ သော အလုပ်သမား တော်တော်များများ၏ ပါးစပ်မှ ရေပန်းစား နေသော စကားမှာ အိုဗာတိုင် Overtime (OT) ဖြစ်သည်။ နေ့စားအလုပ်သမားများ ဖြစ်သဖြင့် ၄င်းတို့အနေနှင့် OT လိုချင် ကြသည်။ "OT ရမှ အိမ်ကို ငွေများများပို့ပေးနိုင်မှာပေါ့" "OT"လေးရှိနေလို့ အဆင်ပြေနေတာ စသဖြင့် ပြောဆိုသံများကို ကြားရသည်။ ရုံးပိတ်ရက်နှင့် စနေ တနင်္ဂနွေနေ့ ရက်များတွင် ၂ဆ ရသောကြောင့် အလုပ်သမားတိုင်း OT ကိုမက်မောကြသည်။

စာရေးသူသည်၊ စင်ကာပူရောက်ကာစအချိန်၌ အချိန်ပို သိပ် မဆင်း ရပေ။ အလုပ်က နည်းပါးသည်က တကြောင်း၊ စနေ တနင်္ဂနွေနေ့ ရက်တော်တော် များများမှာ ရုံးပိတ်ရက် ဖြစ်သည်က တကြောင်းကြောင့် အချိန်ပို မဆင်းရသည်ကို သတိပြုမိသည်။ စင်ကာပူတွင် လုပ်ကိုင်နေကြသော အလုပ်သမားတိုင်း တွင် အချိန်ပိုဆင်းရပြီး ကျွန်တော်တို့ ကုမ္ပဏီတွင် အဘယ့် ကြောင့် စနေ တနင်္ဂနွေ ပိတ်ရက်များတွင် အချိန်ပို မဆင်းရတာလဲဟု မိမိရှေ့တွင် လုပ်ကိုင်ခဲ့ဖူးသော ဝန်ထမ်းများကို မေးကြည့်ရာ သူဌေးက စနေနေ့နှင့် တနင်္ဂနွေနေ့များတွင် အလုပ်ဆင်းပါက ၂ဆ ပေးရသောကြောင့် အလုပ်မဆင်းခိုင်းကြောင်း သိရသည်။ သို့ရာတွင် အလုပ်သိပ်များလာပါက ထိုနေ့များတွင်ပါ ဆင်းရပါသည်။ အချိန်ပို ဆင်းရသော အချိန်များကို သတ်မှတ်ပြီး အပိုငွေရသောကြောင့် မိမိ ဆင်းခဲ့ပြီးသော ရက်များကို တွက်ချက်ပြီး ပြန်ရမည့် ငွေကို တွက်ချက်ဖူးပါသည်။ သို့သော် မှန်းချက်နှင့် နှမ်းထွက် မကိုက်ဘဲ ထင်သလောက် မရခဲ့ပါ။ မည်သို့ပင် ဖြစ်စေကာမူ အလုပ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ သူဌေးက ပုံမှန် လစာ ပေးသည့်အတွက် ကျေးဇူးတင်ရပေမည်။ စာရေးသူ တင်ပြလိုသည်မှာ ငွေရေး ကြေးရေးထက် တနင်္ဂနွေနေ့ အလုပ် မဆင်းရခြင်းကိုပင် ကျေးဇူးတင်မိသည်။ ခရစ်ယာန် ဘာသာဝင်များသည် တနင်္ဂနွေနေ့ကို ဥပုသ်နေ့ဟု သတ်မှတ် ထင်မှတ်ထားကြသည်။ ထိုနေ့တွင် ဘုရားကျောင်း သွားခြင်း၊ ပွဲတော် မင်္ဂလာခံယူခြင်း၊ ဆုတောင်းစည်းဝေး တက်ရောက်ခြင်း၊ သမ္မာကျမ်းစာ လေ့လာ ခံယူခြင်း စသဖြင့် ကောင်းသော အမှုများကို လုပ်ဆောင်သောကြောင့် ဝိညာဉ်ရေးရာ ခိုင်မာမှုရှိလာပြီး ငြိမ်သက် ခြင်းလဲ ရရှိလာသည်။

ဘုရားသခင်၏ ကျေးဇူးတော်ကြောင့် ကျွန်တော်သည် စင်ကာပူသို့ ရောက်ကတည်းက ယခုအချိန်အထိ ပွဲတော်မုန့် မှန်မှန် စားခွင့်ရခဲ့သည်။ သို့သော် တစ်ခါတစ်ရံ လမကုန်ခင်စပ်ကြား တနင်္ဂနွေနေ့ အလုပ်ဆင်းရတတ်ပါသည်။ သို့သော် ပုံမှန်တော့ မဟုတ်ပေ။ အပါတ်တိုင်း ဘုရားကျောင်း သွားခွင့် ရခြင်း အတွက် ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းမိပါသည်။ စာရေးသူသည် သင်္ဘောကျင်းရှိ အလုပ်သမားများနှင့် ရင်းနှီးစွာ စကား ပြောဆိုဖူးပါသည်။ ထိုသူတို့တွင် ပိတ်ရက် မရှိ၊ နေ့တိုင်း နံနက် ၆ နာရီမှ ည ၉း၃၀ နာရီ ထိ၊ စနေ တနင်္ဂနွေနေ့များတွင် နံနက် ၆နာရီမှ ညနေ ၄ နာရီအထိ အလုပ် ဆင်းရကြောင်း သိရပါသည်။ လစာနှင့် အချိန်ပို နှစ်ရပ်ပေါင်းမှာ ကျွန်တော်တို့ ၏ လစာနှင့် သိပ်မကွာလှချေ။ အလုပ်သမားများအနေနှင့် ကိုယ်ပိုင် လွတ်လပ်ချိန် သိပ် မရှိလှပေ။ နေ့ကြီးရက်ကြီးများတွင် အလုပ်ဆင်းရသည်ကို အံ့ဩ မိပါသည်။ တနင်္ဂနွေနေ့တွင် ရမည်ဖြစ်သော လစာ ၂ဆကို ကျွန်တော် မလိုချင်မိပါ။ တနင်္ဂနွေနေ့ ဘုရားကျောင်းသွားရခြင်းကို ကျွန်တော် မည်သည့်ငွေ ကြေး အတိုင်း အတာနှင့်မှ မလဲနိုင်ပါ။ သို့သော် တနင်္ဂနွေနေ့ နားရက်ရပြီး ဘုရားကျောင်းသို့လဲ မသွား၊ သမ္မာကျမ်းစာကိုလဲ မသင်မယူဘဲ အချိန်ကို အလဟဿ အချည်းနှီး မကုန်ဆုံးသင့်ပါ။ တစ်နေ့ စာရေးသူသည် ဘုရား ကျောင်းတွင် မြန်မာပြည်မှ မိတ်ဆွေ တစ်ဦးနှင့် ခေတ္တ ဆုံမိသည်။ ယုံကြည် သူချင်း ဖြစ်သောကြောင့် တစ်ဦး၏ အလုပ်အကြောင်း တစ်ဦး ပြောမိကြသည်။ သူက စင်ကာပူသို့ ကျွန်တော့် ထက် စော၍ ရောက်လာသော်လည်း ယခုတစ်ပါတ်မှသာ ဘုရားကျောင်းသို့ လာခွင့်ရ ကြောင်း ပြောပြ၍ စိတ်မကောင်းဖြစ်မိပါသည်။ အချို့ယုံကြည်သူများသည် တနင်္ဂနွေနေ့ နားခွင့်မရသောကြောင့် ဘုရားကျောင်းသို့ သွားခွင့်မရှိပါ။ ထိုသူများ အတွက် နောက်နောင် ဘုရားကျောင်း ပုံမှန် သွားနိုင်ရေးအတွက် ကျွန်တော်တို့ အထူးဆုတောင်းပေးသင့်သည်။

တစ်ချိန်က အမှားအတွက် နောင်တရကာ အပြစ်များ အတွက် ကယ်လွှတ်ပေးနိုင်သူမှာ ခရစ်တော်ဖြစ်ကြောင်း သိမြင် လာသောခါ ထံတော်ပါး တွင်သာ ခိုလှုံခြင်း၊ ကိုယ်တော်နှင့် ပြန်၍ မိတ်သဟာယဖွဲ့နေရခြင်းကိုပင် အထူး ကြည်နူးနေမိသည်။ ကျွန် တော်တို့ ဘဝသည် အချိန်နာရီတိုင်း၊ မိနစ် စက္ကန့်တိုင်း ဝမ်းရေး အတွက် လုပ်နေရသည်၊ တစ်ဝမ်းတစ်ခါးအတွက် ပင်ပန်းစွာ လုပ်ကိုင်နေကြ ရသည်။ လောက ခရီးလမ်းကို လျှောက်လှမ်း ရာတွင် အောင်မြင်မှုများနှင့် ကြုံရသလို ဆုံးရှုံးမှုများနှင့်လည်း ဆုံရတတ်သည်။ ထိုအောင်မြင်မှုနှင့် ဆုံးရှုံးခြင်းထက် သခင် ခရစ်တော် ၏ ကယ်တင်ခြင်းက တကယ့်ကိုပင် အရေးကြီး လှသည်။ ထို့ကြောင့် ခရစ်တော်၏ ကယ်တင်ခြင်းကို လူတိုင်းနားလည်သင့်သည်။ ခရစ်တော်၏ ကယ် တင်ခြင်း ကျေးဇူးတရားသည် ယနေ့ မိမိတို့ အဖို့ ပြင်ဆင်ထားလျှက်ရှိပြီး ကျေးဇူး

ကရုဏာသည် လုံလောက်နေပေသည်။ သို့ဖြစ်သောကြောင့် မည်သည့် ငွေရေးကြေးရေး အတိုင်းအတာမှ ခရစ်တော်၏ ကယ်တင်ခြင်း ကျေးဇူးတရားကို မနှိုင်းယှဉ်သင့်ပေ။ လူသားတိုင်းတွင် ကိုယ်စီ ကိုယ်ငှ အခက်အခဲမျိုးစုံ ကြုံရဖူးသူများသာဖြစ်သည်။ ထိုအခက်အခဲကို အောင်မြင်စွာ ကျော်လွှားနိုင်ရေးအတွက် ကိုယ်တော်ကိုသာ ယုံကြည်သင့်ပေ သည်။ ရှင်ယောဟန်ခရစ်ဝင် ၁၆း၃၃တွင် သင်တို့သည် ငါ့ကိုအမှီပြု၍ ငြိမ်သက်ခြင်းရှိစေခြင်းငှါ ဤစကားကို ငါဟောပြောပြီ။ သင်တို့သည် လောက၌ ဆင်းရဲဒုက္ခကို ခံရကြလိမ့်မည်။ သို့သော်လည်း မစိုးရိမ်ကြနှင့်။ ငါသည် လောကကို အောင်ပြီဟု မိန့်တော်မူ၏။

လောကကို အောင်နိုင်သောသူ ခရစ်တော်ကို ယုံကြည်လျှင် မိမိတို့အနေနှင့် ကယ်တင်ခြင်း ရမည် အမှန်ဖြစ်သည်။ ကျွန်ုပ်တို့ အဖို့ စင်ကာပူနိုင်ငံတွင် အချိန်ပို ငွေကြေးရဖို့ သက်သက် အတွက် အချိန်ပို အလုပ်ဆင်းနိုင်ရေးထက် ကိုယ်တော်၏ ဥပုသ်နေ့ဖြစ်သော တနင်္ဂနွေနေ့တွင် အမြဲ ဝတ်ပြု ဆုတောင်း နေရခြင်းက ပို၍ အဖိုးထိုက်တန် လှပေသည်။ ။ ***(ထူး )***

---

## ***သက်သေခံချက်*** ဥမ္မာ (ရှင်မသဲအသင်းတော်၊ မေမြို့)

ကျွန်တော်က စကားပြောရင် "ကျွန်တော်"လို့ဘဲ ပြောတတ်တယ်။ ဒါပေမဲ့ ကျွန်တော်က ယောကျ်ားလေး မဟုတ်ဘူး။ မြန်မာပြည် အရှေ့ပိုင်း တောင်ပေါ်မြို့လေး ကနေ စင်ကာပူကို ရောက်လာတဲ့ မြန်မာတိုင်းရင်းသူ တစ်ယောက်ပါ။ ရရှိထားတဲ့ အင်ဂျင်နီယာ ဘွဲ့လက်မှတ်လေးကို အဖော်ပြု စင်ကာပူမှာ ရှိနှင့်နေတဲ့ ဆွေမျိုးသားချင်းတွေရဲ့ ကူညီမှုနဲ့ စင်ကာပူမှာ အလုပ်လာရှာတဲ့ သူတစ်ယောက်ပါ။ အလုပ်ရဖို့ ဆုတောင်းပါတယ်။ သတင်းစာတွေဖတ်တယ်။ အင်တာဗျူးတယ်။ ဒါပေမဲ့ အဆင်မပြေပါဘူး။ စင်ကာပူက မြန်မာဘုရားကျောင်းစကို လာတက်ပါတယ်။ ပထမဦးဆုံး တက်တဲ့နေ့မှာ အတွင်းရေးမှူးက မိတ်ဆက်ဖို့ ကမ်းလှမ်းပေမဲ့ ရှက်လို့ ထပြီး မိတ်မဆက်ခဲ့မိဘူး။ Social visit pass နဲ့ အလုပ်လာရှာတာဆိုတော့ အလွန်ဆုံး ၂လပြည့်ရလို့မှ အလုပ်မရရင် မြန်မာပြည် ပြန်ရတော့မယ်။

မှတ်မှတ်ရရ မေလ ပထမဦးဆုံးအပါတ်မှာ ကျွန်တော် ဘုရားကျောင်းသွားတယ်။ ပထမဦးဆုံး အပါတ်မို့ သခင့်စကားစာစောင် ဝေတော့ သက်သေခံချက်တွေကို ဖတ်မိရင်း အဲဒီနေ့က ဝေတဲ့ သခင့်စကားအမှတ်စဉ် (၈၁) ထဲက မီးမီး (လှည်းဆိပ်) ရဲ့သက်သေခံချက်လေးကို ဖတ်မိသွားတယ်။ အရမ်း ခွန်အားရတယ်။ မီးမီး(လှည်းဆိပ်)ရဲ့ ဆုတောင်းဆက်ကပ်မှုကို အားကျပြီး ကျွန်တော် အလုပ်ရဖို့ ဘုရားသခင်ဆီမှာ စိတ်ပါလက်ပါ ကတိပေးပြီး ဆုတောင်းခဲ့ပါတယ်။ ဒီတစ်ပါတ်မှ အလုပ်မရရင် မေလ ပထမအပါတ် ထဲမှာဘဲ ကျွန်တော် Stay သက်တမ်းကုန်ပြီး ကိုယ့်နိုင်ငံ ကိုယ်ပြန်ရမှာ ဖြစ်ပါတယ်။ ဒီအတိုင်း ရိုးရိုးပြန်ရတာ အကြောင်းမဟုတ်ပါဘူး၊ အဲဒီတုန်းက နာဂစ် ဆိုင်ကလုန်း မုန်တိုင်းက မြန်မာပြည်ကို မွှေနေတဲ့အချိန်ဆိုတော့ ပြန်ရမဲ့ အရေးကိုတွေးပြီး ကြောက်နေမိတယ်။ ဆုတောင်းလိုက်တာမှ အသည်းအသန် ပါဘဲ။ ဘုရားသခင် ကောင်းမြတ်ပါတယ်။

Stay သက်တမ်း မကုန်ခင်မှာ ကျွန်တော် အလုပ်ရပါတယ်။ Civil AutoCAD နဲ့ ပါတ်သက်တဲ့ အလုပ် ကလေးကို ဘုရားသခင်က ကျွန်တော့်အတွက် အချိန်မီ ပြင်ဆင်ပေးခဲ့ပါတယ်။ အလုပ်ရရင် သက်သေခံမယ်လို့ မီးမီး(လှည်းဆိပ်)လို ဘုရားသခင်ဆီမှာ ကတိပေးထားတဲ့ အတွက် သခင့်စကားမှာ သက်သေခံဖို့ ဆုံးဖြတ်လိုက်ပါတယ်။ သူများတကာတွေလို ဖွဲ့နွဲ့ပြီး စာမရေးတတ်တာက တ ကြောင်း၊ အချိန်မမှီမှာ စိုးတာက တကြောင်းမို့ ကိုယ်တိုင် မရေးတော့ဘဲ သခင့်စကား အယ်ဒီတာဆီ ဖုန်းလှမ်းဆက်ပြီး ပါးစပ်နဲ့ သက်သေခံလိုက်ပါတယ်။ အယ်ဒီတာကလဲ ကျွန်တော် ပြောတာတွေကို စာပြန်ရေးပေးမယ်တဲ့။ အားလုံးကို ကျေးဇူးတင်ပါတယ်။ အထူးသဖြင့် ဘုရားသခင်ကို ပိုပြီးကျေးဇူးတင်ပါတယ်။ ။ ***ဥမ္မာ***

---

## **ကျွန်မနှင့်နာဂစ်** တောနှင်းမနီ(ခင်းစိန်)

ကျွန်မ အသက်တာတစ်လျှောက် ၃၅ နှစ်လုံးလုံးမှာ တစ်ခါမှ မဖြစ်ဖူး၊ မကြုံဖူးရတဲ့ အဖြစ်ဆိုးကြီးကို ၂၀၀၈ ခုနှစ် မေလ ၂ရက် နေ့ ညကနေ ၃ရက် မှာ ကြုံတွေ့ခဲ့ရပါတယ်။ အဲဒီ အဖြစ်ဆိုးကတော့ "နာဂစ်" လို့ခေါ်တဲ့ ဆိုင်ကလုန်း မုန်တိုင်း တိုက်ခတ်ခံရခြင်းပါဘဲ။ မုန်းတိုင်းကို ကိုယ်တိုင် မကြုံဖူးခင်က ကြောက်ရမှန်းလဲ မသိခဲ့တဲ့ ကျွန်မဟာ နှဖူးတွေ့ ဒူးတွေ့ ကြုံရတဲ့ အခါမှာတော့ သွေးပျက်မတတ် တုန်လှုပ်ခြောက်ခြားခဲ့ရပါတယ်။

ရန်ကုန်ကို ၂ရက်နေ့ ညသန်းခေါင်ကျော်လောက်က ဝင်ရောက်တိုက်ခိုက်ခဲ့တဲ့ လေပြင်းမုန်တိုင်းဟာ မှောင်နေတဲ့အတွက် လေတိုက်နှုန်း ပြင်းအားဘယ်လောက်ရှိမှန်း မသိလို့၊ မမြင်ရလို့ အစပိုင်းမှာ သိပ်မကြောက်ခဲ့ပါဘူး။ ကျွန်မနေတဲ့ အမေ့အိမ်ကလဲ ခိုင်ခန့်ကြီးမားတဲ့ အိမ်ကြီးဆိုတော့ သိပ်မကြောက်ခဲ့ပါဘူး။ နောက်နေ့ မနက် ဝေလီဝေလင်း ၅နာရီလောက်မှာ အလင်းရောင်ကို စမြင်လိုက်ရတာနဲ့ ပြူတင်းပေါက်မှန်ကတဆင့် အပြင်ကို လှမ်းကြည့်လိုက်တဲ့အခါကျမှ ကိုယ့် မျက်စိရှေ့မှာ သစ်ပင်တွေဟာ တစ်ပင်ပြီး တစ်ပင် လေပြင်းမုန်တိုင်းရဲ့ တိုက်ခိုက်မှု ဒဏ်ကို မခံနိုင်ဘဲ မြေကြီးပေါ် အတုံးအရုန်း အမြစ်က ကျွတ်ပြီး ပြိုလဲကျသွားတာကို မြင်နေရပါတယ်။ နားထဲမှာလဲ ကျွန်မတို့ အိမ်ခေါင်မိုး သွပ်ပြုတ်ထွက် ခါနီးမို့ အသံတွေ ပိုမြည်လာပါတယ်။ ရပ်ကွက်ထဲက မြောင်းရေတွေလဲ လျှံ ကုန်တဲ့အတွက် အိမ် အောက်ထပ်ထဲကို ရေတွေ တရဟော ဝင်လာပါတယ်။ မကြာခင်မှာဘဲ ကျွန်မတို့ နေတဲ့ အမေ့အိမ် ခေါင်းမိုး သွပ်ရိုက်ထားတဲ့ သံတွေ ပြုတ်ထွက်ပြီး အိမ်မိုး သွပ်တွေ လန်သွားပါတော့တယ်။ မျက်နှာကျက်က တဆင့် စီးကျလာတဲ့ မိုးရေတွေကြောင့် အိမ်အပေါ်ထပ် တစ်ခုလုံးလဲ ရွှဲရွှဲစို သွားပါတော့တယ်။

သို့သော်လဲ ကျေးဇူးတော်ကြောင့် ဘုရားရှင်က အိမ်ပေါ်ထပ်က ကုတင်လေးတစ်လုံးကို ရေ မစိုအောင် ကာကွယ်ထားပေးလို့ အိမ်က ကလေးတွေကို ကုတင်ပေါ်မှာ နေရာချပြီး ပစ္စည်းတွေကို ဖုံးအုပ်၊ ရေသုတ်နဲ့ မုန်တိုင်းတိုက်ခိုက်နေတဲ့ အချိန် တလျှောက်လုံးမှာ အမေနဲ့ ကျွန်မတို့ သားအမိနှစ်ယောက် ပြေးပြီး ဆုတောင်းလိုက်၊ ပြေးပြီး အလုပ် လုပ်လိုက် ကလေးတွေ မကြောက်အောင် သူတို့အတူတူ **Sunday School** ကလေးသီချင်းတွေ၊ ချီးမွမ်းသီချင်းတွေကို ဆိုလိုက်နဲ့ နေ့လည် ၁၂ နာရီကျော်ကျော်အထိမှာ မုန်တိုင်း ရပ်စဲသွား ခဲ့ပါတယ်။ ကျေးဇူးတော်ပါဘဲ၊ ပြူတင်းပေါက် မှန်တံခါးကို ဖွင့်ကြည့်လိုက်တော့ ကိုယ့်လို ဒုက္ခရောက်နေတဲ့သူတွေကို တစ်ရပ်ကွက်လုံးအပြည့်၊ တစ်မြို့လုံးအပြည့် တွေ့လိုက်ရပါတယ်။ အနီးပါတ်ဝန်း ကျင် က သစ်ပင်တွေ လဲကျကုန်တယ်။ သစ်ပင်ကြီးတွေ လဲကျပေမဲ့ အိမ်ပေါ်ပိ မကျတာကို တွေ့ရလို့ ကျေးဇူးတော်ကို ချီးမွမ်းမိ ပါတယ်။ မုန်တိုင်း တိုက်ခတ်နေချိန်မှာ ဘုရားသခင်ကို ကျွန်မ ပြောမိ ပါတယ်။ ကိုယ်တော်ရယ် ကိုယ်တော့်ကို ကြောက်ပါပြီ။ ကိုယ်တော်ဟာ ကြောက်ရွံ့ထိုက်တဲ့ ဘုရား ဖြစ်ပါတယ်။ ကြောက်စရာကောင်းတဲ့ ဒီမုန်တိုင်းကို ရပ်စဲ ပေးပါ။ ကျွန်မတို့ လုပ်ခဲ့မိတဲ့ အပြစ်တွေကို ခွင့်လွှတ်တော်မူပါလို့ မျက်ရည် ကျပြီး ဆုတောင်းခဲ့ပါ တယ်။



ငါသည် ထာဝရဘုရားကိုရှာသောအခါ နားထောင်တော်မူ၏။ ကြောက်မက်ဘွယ်သော အလုံးစုံတို့အထဲက ငါ့ကိုကယ်နှုတ်တော်မူ၏။ ဆာလံ ၃၄း၄

မုန်တိုင်း တိုက်တာ ရပ်သွားတော့ ဘုရားသခင်ရဲ့ ကျေးဇူးမင်္ဂလာတော်မှ တစ်ပါး အခြားသော အရာ ကျွန်မမှာ မရှိပါလို့ ချီးမွမ်းသီဆို မိပါတယ်။ ဘုရား သခင်ရဲ့ သတိပေးခြင်းကို ခံရပါတယ်။ မယုံကြည်သူတွေအတွက် ဖန်ဆင်းရှင် ရှိတယ်။ ယုံကြည်သူတွေအတွက် ခရစ်တော်ပြန် ကြွလာချိန် နီးကပ် နေပြီဆိုတဲ့ သင်ခန်းစာကို ရလိုက်ပါတယ်။

စတုတ္ထတံဆိပ်ကိုဖွင့်သောအခါ၊ စတုတ္ထသတ္တဝါက၊ လာ၍ကြည့်လော့ဟု ဆိုသည်ကို ငါကြား၏။-ထိုအခါ ငါကြည့်လျှင်၊ မြင်းမွဲတစီးရှိ၏။ မြင်းစီးသောသူသည် မရဏာ ဟူသောအမည်ရှိ၏။ မရဏာနိုင်ငံသည် ထိုသူနောက်သို့လိုက်လေ၏။ သူသည် မြေကြီးလေးစိတ်တစိတ်ကိုအစိုးရ၍ ထားဘေး၊ မွတ်သိပ်ခြင်းဘေး၊ နာ၍သေဘေး၊ မြေသားရဲ ဘေးအားဖြင့် သတ်ပိုင်သောအခွင့်ကိုရ၏။

ဗျာဒိတ်၆း၇–၈။ ဘုရားရှင်ကို ကြောက်ရွံ့တတ်အောင် နောင်တနဲ့ ပြန်လာအောင် သတိပေးနေတာကို ယုံကြည်သူတွေ သတိထားကြဖို့ လိုနေပါပြီ။ ယုံကြည်သူတွေအဖို့ ဘုရားရှင်က တိပေးထားပါတယ်။

ထာဝရဘုရားကို ကြောက်ရွံ့သောသူတို့ပတ်လည်၌ ကောင်းကင်တမန်တော် တို့သည် တပ်ချ၍ ကယ်လွှတ်တတ်ကြ၏။- ဆာလံ ၃၄း၇

မုန်တိုင်း အကြောင်းပြောရရင် မုန်တိုင်းကို ကိုယ်တိုင်ကြုံဖူးမှ လက်တွေ့ကျကျ ကိုယ်တိုင်ကြုံဖူးသူမှ မုန်တိုင်း ဘယ်လောက်ကြောက်စရာ ကောင်းသလဲ

ဆိုတာ သိနိုင်ပါတယ်။ မုန်တိုင်းပြီးတော့ ဟိုက်ပါတ်အိမ် (ကိုယ်ပိုင်အိမ်) ကိုသွားတယ်။ နီးနီးလေး(သာမာန်အချိန်မှာ ၁၀ မိနစ်လောက် လျှောက်ရင် ရတယ်) အခုတော့ ရောက်အောင် မနည်းသွားရပါတယ်။ သစ်ကိုင်းတွေ၊ သစ်ပင်တွေ လမ်းမပေါ်မှာ အပြည့်ဘဲ။ ရှမ်းကုန်းလမ်းက တော်တော် ထိတယ်။ အဖိုးအိမ်ပေါ် သစ်ပင်ကြီး နှစ်ပင် ပိနေတာ တွေ့လိုက်ရတယ်။ ရေတွေက လမ်းပေါ်မှာ ရင်ညွန့်လောက် ရှိတယ်။ မနည်း ကူးသွားရတယ်။ ကျေးဇူးတော်ကြောင့် အိမ်မှာ တပ်ထားတဲ့ စလောင်း ကြေမွသွားတယ်။ အိမ်အမိုး မလန်ပေမဲ့ လေပြင်းတိုက်ထားတော့ အိမ်အပေါ်ထပ် တစ်ခုလုံး စိုရွှဲနေတာဘဲ၊ အောက်ထပ်မှာ ရေဝင်တယ်။ အိမ်ရှေ့က မကျည်းပင် ယိုင်သွားလို့ ခုတ်ပစ်လိုက်ရတယ်။

မုန်တိုင်းစဲတော့ အလုပ်သမားရှာပြီး လန်သွားတဲ့ သွပ်မိုးတွေ ပြန်ရိုက်ရတယ်၊ အိမ်အောက်မှာ ဝင်နေတဲ့ ရေတွေကို လူငှားပြီး ပက်ထုတ်လိုက်ရတယ်။ ည၁၂ နာရီက စခဲ့တဲ့ မုန်တိုင်းက နောက်နေ့ နေ့လည် ၁ နာရီလောက်မှ မုန်တိုင်းစဲသွားတယ်။ ဘုရားသခင်ဆီမှာ ဒူးထောက်ဆုတောင်းမိတဲ့ အကြိမ်ကို ရေတွက်လို့ မရနိုင်လောက်အောင်ပါဘဲ။ ဒုက္ခရောက်နေတဲ့ သူတွေ ဘုရားကျောင်းမှာ စုပြီးနေနေကြပါတယ်။ အင်းတကော်မှာ ရှိတဲ့ အမေ့ခြံထဲက အပင်ကြီးတွေ အားလုံး လဲကျသွားတယ်။ ခါတ်တိုင် အားလုံးနီးပါး လဲတယ်။ မင်းကြီးလမ်းက သစ်ပင်ကြီးတွေ အားလုံး လဲတယ်။

အိမ်မှာ အလုပ်လာလုပ်နေတဲ့ လပွတ္တာက ကောင်မလေး တို့ ရွာလဲ မုန်တိုင်းထိတယ်။ ရေက ၁၅ပေလောက် အထိ တက် သွားတယ်လို့ ပြောတယ်။ သူတို့ မိသားစုတွေနဲ့လဲ အခုထိ ဆက်သွယ်လို့ မရသေးဘူး။ ခရစ်တော်နှင့် တပည့်တော်တွေဟာ မုန်တိုင်းကျနေချိန်မှာ လှေထဲမှာ ရှိနေပါတယ်။ အခုအချိန်မှာ မုန်တိုင်းတွေ မျိုးစုံရှိပါတယ်။ မိသားစုထဲမှာ လင်မယားချင်း စကားများ အိမ်ထောင်ပြိုကွဲတဲ့ မုန်တိုင်း၊ စားဝတ်နေရေး အဆင် မပြေတဲ့ မုန်တိုင်း၊ မိဘစကား နားမထောင် ဆိုးသွမ်း ဒုစရိုက်ထဲ ရောက်နေတဲ့ သားသမီးတွေ ရတဲ့ မိဘတွေရဲ့ ရင်ထဲက မုန်တိုင်း စသော စသော သဘာဝ မုန်တိုင်းများအပြင် ဘဝရဲ့ မုန်တိုင်းတွ ရင်ဆိုင်နေရသူတွေ အများကြီး ရှိနေပါ တယ်။ ကျွန်မတို့ ယုံကြည်သူတွေ အားလုံးကတော့ ဒီလောက မုန်တိုင်းကြားမှာ ခရစ်တော် ဘုရားရှင်သည် ကျွန်မတို့ ရဲ့ နှလုံးသားမှာ ရှိနေပါတယ်။

ကျွန်မတို့ ယုံကြည်သူတွေ အားလုံးကတော့ ဒီလောက မုန်တိုင်းကြားမှာ ခရစ်တော်ဘုရားရှင်သည် သန့်ရှင်းသော ဝိညာဉ်တော် ဘုရားအားဖြင့် အားပေး သွန်သင်နေပါတယ်။ လမ်းပြနေပါတယ်။ လူမှန်ရင်တော့ ကြောက်တတ်ပါတယ်။ ဒါပေမဲ့ မှန်မှန်ကန်ကန် ကြောက်တတ်ဖို့တော့လိုပါတယ်။ ကျွန်မတို့သာ အသက်ရှင်သော ဖန်ဆင်းရှင် ဘုရားသခင်ကို ကြောက်တတ်ရင် ဆာလံ ၃၄း၇ မှာ ကယ်လွှတ်မယ်လို့ ကတိပေးထားပါတယ်။ ၁၀နာရီကျော် အချိန်ကြာ တိုက်ခိုက်ခဲ့တဲ့ လေက တစ်နာရီ မိုင် ၁၅ မိုင် ကနေ မိုင် ၁၅၀ နှုန်းအထိ တိုက်ခိုက်ခဲ့ပါတယ်။ ကျေးဇူးတော်ကြောင့် အသေ အပျောက် ပျက်စီးမှုတွေကြားက အသက်ရှင်ခွင့်ရလို့ ကျေးဇူးတော် ချီးမွမ်းရင် သက်သေခံ လိုက်ပါတယ်။

နာဂစ် မုန်တိုင်းရဲ့ အဓိပ္ပါယ်က အိန္ဒိယ စကားအားဖြင့် "မြွေ" လို့ အဓိပ္ပါယ် ရပါတယ်။ တစ်ချိန်က စာတန်ဟာ ကမ္ဘာလူသား နှစ်ဦး ဖြစ်တဲ့ အာဒံနဲ့ ဧဝကို သွေးဆောင်ပြီး ဘဝပျက်အောင်လုပ်ခဲ့ပါတယ်။ အခုလဲ လူတွေ ပျက်ဆီးခြင်းထဲရောက်အောင် ရောက်အောင် မြွေ လို ကောက်ကောက်ကွေ့ကွေ့ တိုက်ခတ်တဲ့ လေပြင်း မုန်တိုင်း က ဒုက္ခပေးခဲ့ပါတယ်။ လူတွေဟာ သေလုမတတ် ကြောက်လာတဲ့အခါ စိုးရိမ်ပြီး ခြေ မကိုင်မိ၊ လက် မကိုင်မိ ဖြစ်ပြီး ယုံကြည်ခြင်း ပျက်လာပါတယ်။ စာတန်ကလဲ စိုးရိမ်အောင် တွန်းပို့ပါတယ်။

ဒီလို ရင်ဆိုင်ရတဲ့ ဘဝမုန်တိုင်းတွေဟာ ကျွန်မတို့ရဲ့ ယုံကြည်ခြင်း ကို ဘုရားသခင်က စမ်းသပ်ခြင်း ဖြစ်တယ်လို့ ကျွန်မ သွန်သင်ခြင်း ခံရပါတယ်။ အခုဆိုရင် သူများတွေက ကျွန်မတို့ ယုံကြည်တဲ့ ဘုရားရှင်သည် ဒီလေနှင့် ပင်လယ်ကို ငြိမ်းစေတာတဲ့ ဟုတ်ရဲ့လားလို့ မေးလာရင် ကျွန်မ ကတော့ ကိုယ်တိုင် ဒီမုန်တိုင်းကို ကြုံတွေ့ခဲ့ရတဲ့အတွက် ဘုရားသခင်သာ အရာရာ တတ်နိုင်ကြောင်း လက်တွေ့ကျကျ သက်သေခံနိုင်ခွင့် ဘုရားရှင် ပေးပါတယ်။

ကျွန်မရဲ့ ဒီသက်သေခံချက်နှင့်အတူ ဘုရားရှင်ကို ဆုတောင်းချီးမွမ်းမိတာ ကတော့ လွန်ခဲ့သော အနှစ် ၂၀၀၀ က လှေရဲ့ ပဲ့ပိုင်းမှာ အိပ်လျှက် ရှိနေတဲ့ ခရစ်တော်ရှင်သည် အခုလဲ ကျွန်မရဲ့ နှလုံးသားထဲမှာ ရှိနေတဲ့ အတွက် ကျေးဇူးတင်ပါ၏။ နေ့စဉ် မကောင်းသော အမှုအရာ မှ ကယ်နှုတ် တော်မူပါ။ အာမင်။

*တောနှင်းပန်း (အင်းစိန်)*

## ကျွန်တော်နှင့်မျက်ရည်-၄ သက်သေခံချက် (မင်းအောင်သက်လွင်)

နိဒါန်း။ "အယ်ဒီတာနဲ့ စကားပြောချင်လို့ပါ" "ဟုတ်ကဲ့ ပြောနေပါတယ်" "ဟိုလေ–ကျွန်မ နာမည် **Smile** ပါ သခင့်စကား ပရိတ်သတ် တစ်ယောက်ပါ" "ဩော် ဟုတ်ကဲ့ အခုလို မိတ်ဆက်တာ ဝမ်းသာပါတယ် ဘာများ အကူအညီ ပေးရမလဲ ခင်ဗျာ" "ဩော် ကျွန်မရဲ့ ဘဝအကြောင်း သက်သေခံချင်လို့ပါ၊ ကျွန်မက စာကောင်းကောင်း မရေးတတ်တော့ ဖုန်းထဲက နေဘဲ ကျွန်မ အကြောင်းကို ပါးစပ်နဲ့ ပြောပြပါ့မယ်။ ဖြစ်နိုင်မယ်ဆိုရင် ဆရာက စာနဲ့ပြန်ရေးပြီး ကျွန်မကိုယ်စား သက်သေခံချက် ရေးပေးပါလို့ မေတ္တာရပ်ခံချင်ပါတယ်" "ဩော် ရပါတယ်ဗျာ ပြောမှာသာ ပြောပါ၊ ကျွန်တော် ပြန်ရေးပေးပါ့မယ်" "ဟုတ်ကဲ့ ကျေးဇူးပါဘဲရှင်" "ဩော် ဒါနဲ့ **Smile** ဆိုတာ နာမည် အရင်းလား" "ဟို မဟုတ်ပါဘူး၊ ကျွန်မ ဖာသာ သက်သက် ပေးထားတဲ့ နာမည်ပါ၊ နာမည် အရင်းအတိုင်း ရေးရင် လူတွေ သိသွားမှာ စိုးလို့ပါ၊ ကျွန်မ အကြောင်းက လူတွေ သိသွားလို့ မဖြစ်လို့ပါ" "ကောင်းပါပြီဗျာ ကဲ ပြောပြပေးပါအုံး ခင်ဗျားရဲ့ သက်သေခံချက်လေးကို " .... ....

အခန်း၁ ) **Smile** မွေးပြီးလို့ နို့ မပြတ်သေးခင်မှာဘဲ မိဘတွေက စွန့်ပစ်ထားလိုက်ကြတယ်။ **Smile** အမေနဲ့ ညီမတော်စပ်တဲ့ သူက **Smile** ကိုမွေးစားထားခဲ့တဲ့အတွက် **Smile** ဟာ ငယ်ငယ်လေးကတည်းက ဦးလေးနဲ့ အဒေါ်တွေကြားမှာ ကြီးပြင်းလာခဲ့တယ်။ မိဘတွေရှိလျှက်နဲ့ အတူတူနေခွင့် မရခဲ့တဲ့အတွက် မိဘတွေအပေါ်မှာ အမြင်စောင်းနေခဲ့တယ်။ သာမာန်လူ တစ်ယောက် ရဲ့ ဉာဏ်ရည် အဆင့်ဘဲ ရှိတာမို့ ၈တန်း အောင်တဲ့အဆင့်နဲ့ဘဲ ပညာရေးကို စွန့်လွှတ် ခဲ့ရပါတယ်။

မိဘအရင်းအချာတွေက မယုံကြည်သူတွေဖြစ်ပေမဲ့ ဦးလေး အဒေါ်တို့နဲ့ ကြီးပြင်းခဲ့တာကြောင့် သူတို့တွေ ယုံကြည်ကိုးကွယ်တဲ့ ဘုရားကို သိရှိ လာခဲ့ပြီး ကျေးဇူးတော် သက်သက်ကြောင့် ဘုရားသခင်ရဲ့ ကောင်းမြတ်ခြင်း သတင်းစကားကို ကြားသိခဲ့ရပြီး အသက် ၁၅နှစ်အရွယ်မှာ ခရစ်ယာန် ဘာသာဝင် အဖြစ်ခံယူခဲ့ပါတယ်။ လူရယ်လို့ ဖြစ်လာမှတော့ ကိုယ့်ဘဝ အသက်ရှင်ရပ်တည် နေထိုင်ဖို့ သက်မွေး ဝမ်းကျောင်းအလုပ်ကို လုပ်ဖို့ ရှာဖွေတဲ့အနေနဲ့ နိုင်ငံရပ်ခြားလို့ အမည် ရတဲ့ စင်ကာပူနိုင်ငံကို ရောက်လာခဲ့ပြီး သမ္မာအာဇီဝ အလုပ်ကို ရိုးရိုး သားသား လုပ်ကိုင်ခဲ့ပါတယ်။

၂၀၀၁ ခုနှစ်မှာ ရောက်ခဲ့ပေမဲ့ အဆင်မပြေလို့ မြန်မာပြည်ကို ပြန်သွားခဲ့ရပြီး၊ ၂၀၀၄ ခုနှစ်မှာ နောက်တစ်ခေါက် ပြန်ဝင်လာပြီး အလုပ်အသစ်ကို လုပ်ကိုင်ခဲ့ပါတယ်။ အရင် တစ်ခေါက်ထက် ပိုအဆင်ပြေတာကြောင့် စင်ကာပူမှာ ဆက်ပြီး နေထိုင်လုပ်ကိုင်ခဲ့ပါတယ်။

ငယ်ငယ်လေးကတည်းက မွေးသ မိခင် ဘခင်တွေနဲ့ အတူတူ မနေထိုင်ခဲ့ရသလို မွေးချင်းပေါက်ဖော် အရင်းအချာ မရှိတဲ့အတွက် မိသားစု အသိုင်းအဝိုင်းတွေ ဆွေမျိုးညာတိတွေ၊ မိတ်ဆွေတွေ ချစ်သူခင်သူတွေနဲ့ ဖွဲ့စည်းထားတဲ့ လောက လူသား အသိုင်း အဝိုင်းကြားမှာ နေထိုင် အသက်ရှင်လာရတဲ့ အချိန်မှာ ကိုယ် တိုင် တစ်ယောက်တည်း အဖော်မရှိ အထီးကျန် ဖြစ်နေတာကို သတိပြု လာခဲ့မိပါတယ်။ နေရာ



ကျဉ်းကျဉ်း လေးထဲမှာ လူတွေ အများကြီး လှုပ်ရှားသွားလာ အသက်ရှင်နေကြပေမဲ့ ကိုယ့်ကို ကရုတစိုက် ကြည့်မဲ့သူ၊ ကူညီမဲ့သူ၊ ဖေးမ မဲ့သူ၊ နားလည် ခံစားပေးမဲ့သူ၊ ချစ်ခင်ကြင်နာ ယုယမဲ့သူ တစ်ဦးတစ်ယောက်မှ မရှိရလေခြင်းဆိုတဲ့ အသိက စိတ်ဓါတ်တွေကို လှိုက်စား၊ နှလုံးသားကို ဖောက်စား၊ ဦးနှောက် အသွေး အသားတွေကို နှိုက်စား သွားသလို ခံစားလိုက်ရပါတယ်။

အလုပ် အားလပ်ရက်ကလဲ အများနည်းတူ စနေ၊ တနင်္ဂနွေ မဟုတ်လေတော့ အများသူငါတွေ သွားတဲ့ ဘုရားကျောင်းကို မသွားနိုင်ခဲ့ပါဘူး။ တစ်လမှ တစ်ခါ ရှားရှားပါးပါး အပြင်ထွက်ခွင့်ရတဲ့ အချိန်လေးမှာ ကျွေးမိခင် ဘခင်(ဦးလေး၊ အဒေါ်)တွေဆီ ငွေပို့ဖို့ မြန်မာနိုင်ငံသားတွေ စုစည်းရာ စင်ကာပူနိုင်ငံရဲ့ ပင်နီဇူးလား ဈေးရုံကြီးကို ရောက်လာခဲ့ပါတယ်။ မြန်မာ စကားပြောသံကြားရင် ဘယ်သူ ဘယ်ဝါဖြစ်ဖြစ် မနေနိုင်တော့ဘဲ မိတ်ဖွဲ့စကားပြောချင်လာခဲ့မိတဲ့ အဖော်ငတ်သူအတွက် ခင်မင်စရာကောင်းတဲ့ ဗမာကောင်လေးတစ်ယောက်နဲ့ မိတ်ဆွေဖြစ်သွားခဲ့တယ်။ နိုင်ငံရပ်ခြားတိုင်းတပါးမှာ မြန်မာလိုပြောချင် ၊ မြန်မာလို စားချင်၊

မြန်မာလို ဝတ်ချင်စိတ် ရှိနေချိန်မှာ မြန်မာ ကောင်လေးတစ်ယောက်နဲ့ မိတ်ဆွေဖြစ်ရတဲ့နေ့က အိပ်လို့တောင် မပျော်မိခဲ့ပါဘူး။ ဖုန်းနံပါတ်တွေ၊ အီမ်လိပ်စာတွေ အပြန်အလှန်ပေးရင်း အချိန်တိုလေးအတွင်း ကမ္ဘာပေါ်မှာ အရင်းနှီးဆုံး မိတ်ဆွေတွေ ဖြစ်သွားခဲ့ရပါတယ်။ ဖြစ်ချင်တော့ ကောင်လေးကလဲ သူ့လို အဖော်ရှာနေသူ တစ်ယောက်တဲ့၊ ဘာပြောကောင်းမလဲ ဘုရားကျောင်းကန်သွားလဲ အတူတူ၊ ဈေးဝယ်လဲ အတူတူ၊ လျှောက်လည်လဲ အတူတူ မခွဲနိုင် မခွာရက်၊ မကြာခင်မှာဘဲ ကြားလေသွေးလို့တောင် မဝေးနိုင်တော့တဲ့ ချစ်သူတွေ ဖြစ်သွားခဲ့ကြပါတယ်။ လွတ်လပ်သူ အပျိုတစ်ယောက်နဲ့ လွတ်ကင်းသူ လူပျိုတစ်ယောက် ရည်ငံနေကြတာ အပြစ် လုံးဝ မဟုတ်ပါဘူး။

အထီးကျန်တဲ့ သူ့အတွက်ကတော့ ကောင်လေးအပေါ် အားကိုး ယုံကြည် စိတ်ချမှုတွေ လွန်လွန်ကဲကဲ ပိုမိခဲ့ပါတယ်။ ဘုရားကျောင်း မတက်ဖြစ်တဲ့ တနင်္ဂနွေနေ့ အလုပ်နားရက် တစ်ရက်မှာ သူနဲ့ သူ့ချစ်သူတို့ ခြေလွန်လက်လွန် အချစ်နယ် ကျွံမိခဲ့ကြတယ်။ သောက်လေ ငတ်မပြေတဲ့ အချစ်ရည် ကို သောက်ဖန်များလာတဲ့အခါ အကျိုးဆက်အဖြစ် သူ့မှာ ကိုယ်လေးလက်ဝန် ဖြစ်လာခဲ့ရတယ်။ စင်ကာပူနိုင်ငံမှာ အလုပ်လုပ်နေတဲ့ မိန်းကလေးတစ်ယောက်မှာ ကိုယ်ဝန်ရှိလာရင် အလုပ်တာဝန်က ရပ်ဆဲခံရမှာ ဖြစ်တဲ့အပြင် တရားဝင် လက်မထပ်ရသေးဘဲ ရလာတဲ့ ရင်သွေးလေးကို တရားဝင် မမွေးရဲသေးတာကြောင့် နှစ်ဦးသဘောတူ လူမသိ သူမသိ ဖျက်ဆီးလိုက်ကြပါတယ်။ အပျော်လွန်ခဲ့တာလဲ သိပ်လွယ်ပါတယ်။ ဘယ်သူမှ မသိလိုက်ပါဘူး။ ရလာတဲ့ ရင်သွေးလေးကိုလဲ ဖျက်ဆီးလိုက်တာလဲ သိပ်လွယ်ပါတယ်။ ဘယ်သူမှ မသိလိုက်ကြပါဘူး။

အခုထိ ဘယ်သူမှ မသိကြပါဘူး။ ဒါကလဲ သိပ်လွယ်ပါတယ်။ လူတချို့ လုပ်နေကျပါဘဲ။ အမှားလုပ်ခဲ့ပြီးရင် ခပ်တည်တည်နဲ့ လူတွေရှေ့မှာ အပြုံးမပျက်၊ ဘုရားကျောင်းတက် မပျက်၊ ပုံမှန် လှုပ်ရှား နေထိုင်ပြရတာ သိပ်လွယ်ပါတယ်။ ရုပ်ရှင်သရုပ်ဆောင်တွေ ထက်တောင် ဟန်ဆောင် ကောင်းနေ ပါသေးတယ်။ လူတွေဆိုတာကလဲ ကိုယ်နဲ့ အမြဲတမ်း ထိတွေ့နေရတာ မဟုတ်တဲ့ အတွက် သူတို့ရှေ့မှာ ဟန်ဆောင်ရတာ သိပ်လွယ်ပါတယ်။ လမ်းသွားရင်း လာရင်း ပြုံးပြရုံ သက်သက်၊ ဘုရားကျောင်းမှာ ခနတဖြုတ်တွေ့ကြရင်း နှုတ်ဆက် စကားပြောရုံသက်သက်မို့ လိပ်ပြာသန့်သန့် ဟန်ကိုယ့်ဖို့ နေလာခဲ့တာ နှစ်တော်တော်ကြာခဲ့ပါတယ်။ ၂ နှစ်နီးပါးဘဲ ဆိုပါတော့။ (ကိုယ် ကိုယ်တိုင်က အပေါင်းအသင်း မများသလို၊ ဘုရားကျောင်းရဲ့ လူမှုရေး ဘာသာရေး လှုပ်ရှားမှု တွေမှာလဲ မပါဝင်ခဲ့တော့ သိတဲ့သူ မရှိတာ ဖြစ်ပါတယ်။)

ဒါပေမဲ့ လူတွေကို လိမ်ရတာ လွယ်သလောက် ကိုယ့်ကိုယ်ကို လိမ်လို့ မရတာ ခက်ပါတယ်။ မှန်ထဲက ကိုယ့်ကိုယ်ကို ပြန်ကြည့်မိတဲ့အခါတိုင်း (သို့) ညအိပ်ယာဝင်ခါနီး တွေးမိတဲ့အခါတိုင်း ကိုယ်လုပ်မိခဲ့တဲ့ အမှားကို ပြန်မြင်ယောင်မိတာက တော်တော် အနေဆိုးပါတယ်။ အဆိုးဆုံးကတော့ တစ်လတစ်ခါ ပွဲတော်စားခါနီးတိုင်း သင်းအုပ်ဆရာရဲ့ "ဤ ပွဲတော်ကို မထိုက်မတန်ဘဲ စားသောက်သောသူသည် သခင်ဘုရားကို ပြစ်မှားရာရောက်သည်" ဆိုတဲ့ စကားကို ကြားလေတိုင်း နားထဲကို အက်စစ်ပြင်းပြင်းတွေ ပိုက်နဲ့ လောင်းချတာခံရသလို အနေဆိုးလှပါတယ်။ အစတုံးကတော့ ဟန်မပျက် ပွဲတော်ကို ခပ်တည်တည် ယူစားမိခဲ့ပေမဲ့ အချိန်တွေ ကြာလာတာနဲ့ အမျှ ကိုယ်မှားခဲ့တဲ့ အမှားကို မြင်ယောင်မိတိုင်း ပွဲတော်ခွက် ကိုင်တဲ့ လက်တွေ တုန်နေခဲ့တာ၊ ပွဲတော် စပျစ်ရည်ကို သင်းအုပ်ဆရာ ဆုတောင်းပြီးလို့ သူများတွေ အတူတူ သောက်ပြီးသွားတဲ့အချိန် အထိ မသောက်ဖြစ်သေးဘဲ ချည်တုံချတုံဖြစ်နေခဲ့တာ၊ လူတွေ မမြင်အောင် မျက်ရည်တွေ ခိုးသုတ်ခဲ့ရတာကို ကိုယ်ကိုယ်တိုင်ဘဲ သိခဲ့ရပါတယ်။

လူ မမြင်ကွယ်ရာမှာ မိုက်မဲတဲ့ အသိစိတ်နဲ့ အပျိုစင်ဘဝကို လက်လွှတ်ဆုံးရှုံးခဲ့ရသလို "ဘွားမြင်သော သားသမီးတို့သည် ဘုရားသခင် ဆုချ တော်မူသော အမွေ ဥစ္စာဖြစ်ကြ၏" ဆိုတဲ့ ကျမ်းစကားနဲ့ လုံးဝ သွေဖယ်စွာ မွေးဖွားလာမဲ့ သားလား သမီးလား မသိရသေးတဲ့ သန္ဓေသားလေးကို ဖျက်ဆီး လိုက်ခဲ့ရပါတယ်။ လုပ်ဆောင်ခဲ့သမျှ ဘာမှ မဖြစ်လာတော့ ကိုယ့်ကိုယ်ကိုလဲ အားမရဘူး၊ ဘုရားသခင်ကိုလဲ မကျေနပ်ဘူး၊ လူလူချင်းကိုလဲ မနာလိုဘူး။ အသွေးအသားကို ဖောက်စားရုံ သက်သက် အပေါ်ယံကြော ချစ်ပြသွားပြီး သစ္စာမရှိတဲ့ ချစ်ဦးသူနဲ့ လမ်းခွဲ ခဲ့ပြီးတဲ့နောက်မှာ "တစ်ခါသေဖူး ပျဉ်ဖိုးနားလည်"လို့ ဆိုရိုးစကားရှိပေမဲ့ ပျဉ်ဖိုး နားမလည်တဲ့အပြင် အသိခေါက်ခက် အဝင်နက်တဲ့ **Smile** ဆိုတဲ့ သူကတော့ နောက်ထပ် ကြင်ယာတော် တစ်ယောက်ကို ရှာဖွေ လက်တွဲ ချစ်ပွဲဆက်နွှဲခဲ့ပြန်ပါတယ်။

ဒါပေမဲ့ နိုင်ငံခြား ရောက်နေတဲ့ မြန်မာယောကျ်ားလေး တော်တော်များများမှာ ရှိနေတဲ့ တူညီတဲ့ စိတ်ဓါတ်လို့ ဆိုရလောက်အောင် ဒုတိယမြောက် ချစ်သူကလဲ ပထမလူ လိုဘဲ အရိပ်နေပြီး အခက် ချိုးသွားခဲ့ပြန်ပါတယ်။ ဒုတိယ အမှားနဲ့ ဘုရားကျောင်း ကို ခြေလှမ်းမိတဲ့အချိန်၊ ပွဲတော်ခွက်ကို ကိုင်ယူမိတဲ့ အချိန်မှာတော့ **Smile** ရဲ့ရင်တွေ ပူလောင်လို့ နေပါတော့တယ်။ ဘယ်သူမှ မသိလေ၊ ဘုရားက ပိုသိလေပါဘဲ။ ကောင်းတာဘဲ လုပ်လုပ်၊ မကောင်းတာဘဲ လုပ်လုပ် လူတွေ မသိပေမဲ့ ဘုရားက သိနေပါတယ်။ ဘုရားက သိတယ်ဆိုတာကို ဘုရားဝိညာဉ် ရှိတဲ့သူ ကဘဲ သတိထားမိပါတယ်။ တစ်ချို့က အမှားလုပ်မိကြ တယ်။ ဒါပေမဲ့ ဘုရား သိနေမှန်း သတိ မထားမိဘူး။ (သို့) ဘုရားသိသိ၊ မသိသိ အရေးမကြီးဘူး။ ဆိုတဲ့ စိတ်ထား လေးတွေရှိနေကြ တယ်။ ဒီလိုလူတွေကတော့ နောင်တလဲ မရနိုင်သလို နောင်တ ရဖို့လဲ မလိုဘူးလို့ ထင်နေတဲ့သူတွေ ဖြစ်ပါတယ်။

သူကတော့ ဘုရား သိတာကို သတိထားမိသွားပြီး နေလို့ ထိုင်လို့ မရတော့ ဘူး။ လူတွေရှေ့မှာ ကြာကြာ ဟန်မဆောင်နိုင်တော့ဘူး။ ကြာလာတော့ ရင်ထဲက အပူမီးက လှိုက်တက်လာသလို ခံစားမိတယ်။ ဒုတိယမြောက် ချစ်သူနဲ့ လမ်းခွဲပြီးတဲ့နောက်မှာ သူ့ရဲ့ စိတ်တွေ ဆောက်တည်ရာမရ ဖြစ်လာခဲ့တယ်။ မှားခဲ့မိတဲ့ အမှားတွေကို တစ်ယောက်ယောက်ကို ရင်ဖွင့်ဝန်ခံချင်လာမိတယ်။ အထူးသဖြင့် ဘုရားသခင့်ရှေ့မှာ ဝန်ချ ချင်လာမိတယ်။ အစတုံးက အမေနဲ့ အဖေကို စိတ်နာမိတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူငယ်ငယ်တုံးက မွေးပြီးပြီးချင်း မကျွေးမွေး မပြုစု မစောင့်ရှောက်ဘဲ တခြားသူ လက်ထဲ ထည့်လိုက်တဲ့အတွက် ကြောင့်ဘဲ။ အဲဒီတုံးက သူ့စိတ်ထဲမှာ အမေနဲ့ အဖေဟာ လူသားစိတ် မရှိတဲ့ သူတွေ၊ အကြင်နာတရား မရှိတဲ့သူတွေလို့လဲ နားကျည်းမိခဲ့တယ်။

အခုတော့ အခုတော့ မိခင်စိတ်၊ ဖခင်စိတ် မရှိတဲ့ သူ့ရဲ့ မိဘတွေထက် သူဟာ ပိုပြီးမိုက်မဲတဲ့ သူတစ်ယောက်ဖြစ်ခဲ့ရပါတယ်။ လက်မထပ် ထားရသေးတဲ့ သူတစ်ယောက်နဲ့ အတူနေပြီး အပြစ် ကျူးလွန်မိတဲ့အပြင် ရလာတဲ့ ရင်သွေးလေး ကို မမွေးလိုတဲ့အတွက် လူဖြစ်ခါစ သန္ဓေသား အရွယ်မှာဘဲ ဖျက်ဆီးပစ်ခဲ့တယ်။ တကယ်တော့ လောကကြီးမှာ မိခင်စိတ် ဖခင်စိတ် မရှိတဲ့ သူဟာ ဘယ်သူတွေလဲ။ မိမိ ကိုယ်တိုင်ဖြစ်နေခဲ့ပြီ။ ဒါကို တွေးမိတိုင်း ခြောက်ခြားနေမိတယ်။ ယူကြုံးမရ ဖြစ်နေခဲ့တယ်။ ကိုယ့်ကိုယ်ကို ခွင့်မလွှတ် နိုင်လောက်အောင် ခံစားနေမိတယ်။ ဒါကို ဝန်ခံတဲ့ အနေနဲ့ သက်သေခံချက်လေး တစ်ခုကို အခုလို မိခင်များနေ့ နဲ့ ဖခင်များနေ့မှာ ကိုယ်တိုင် မရေးနိုင်လို့ တဆင့် ရေးသား သက်သေခံလိုက်ပါတယ်။ နိဂုံး။ "အဲဒါပါဘဲရှင်။ ကျေးဇူးပြုပြီး **Smile** ရဲ့ အဖြစ်အပျက်လေးကို သခင့်စကား စာစောင်ထဲမှာ **Smile** ကိုယ်စား ရေးသားသက်သေခံ ပေးဖို့ မေတ္တာရပ်ခံပါတယ်" ပြောပြီးပြီးချင်း ဖုန်းချသွားတယ်။ ဖုန်းနံပါတ်ကို သိလိုက်ရသလို အသံလေးကို ကြားလိုက်ရပေမဲ့ ဘယ်သူဘယ်ဝါလဲ ဆိုတာ နာမည်အရင်းလဲ မသိ၊ လူကိုယ်တိုင် ကိုလဲ မသိလိုက်ရဘူး။ ဒီလို နောင်တတရားနဲ့ တက်လှမ်းလာတဲ့ သူတစ်ယောက် ကို ဘယ်သူတွေက ဝမ်းမြောက်စွာကြိုဆိုနိုင်မှာလဲ။ ကိုယ်ချင်းစာ နားလည်ပေး ကြမှာလဲ။ ကူညီပံ့ပိုးပေးနိုင်မှာလဲ။ ကျွန်တော်တို့ ယုံကြည်သူ အသိုင်းအဝိုင်းကရော ဒီလို လူတွေကို ဘယ်လို ကူညီပေးနိုင်မလဲ။ ဒီလို မမှားဖို့ ဘယ်လို ကာကွယ် ပေးသင့် သလဲ။ ဒီလိုလူတွေ နောင်တနဲ့ ပြန်လာရင် ဘယ်လိုပုံစံနဲ့ ဆက်ဆံကြမလဲ။

"ကျွန်တော်နှင့်မျက်ရည်" အကြောင်းကို ၁ ကနေ ၃ အထိ ကျွန်တော် ရေး လာခဲ့ပြီးပါပြီ။ ကျွန်တော် တစ်ယောက်တည်း မျက်ရည်ကျနေတာ မဟုတ်ပါဘူး။ ပရောဖက်ကြီး ယေရမိ ရဲ့ မျက်ရည်ကျခဲ့ရတဲ့ အကြောင်းကို ယေရမိ မြည်တမ်း စကား ၃း၄၈–၅၁ ထဲမှာ တွေ့နိုင်ပါတယ်။

ငါ၏လူမျိုး သတို့သမီး ပျက်စီးသောကြောင့်၊ ငါ့မျက်စိသည် မြစ်ရေ ဖြစ်၍ စီးလျက်ရှိ၏။ ထာဝရဘုရားသည် ကောင်းကင်က ငုံ့ကြည့်၍ ရှုမှတ်တော် မမူမှီတိုင်အောင် ငါ့မျက်ရည်သည် ကျ၍ အစဉ်မပြတ် ယိုစီးလျက်ရှိ၏။ ငါ၏ မြို့သမီး အပေါင်းတို့ အတွက်ကြောင့်၊ ငါ့မျက်စိသည် ငါ့နှလုံးကို ပူစေတတ်၏။ *မင်းအောင်သက်လွင်*

---

မည်သူမဆို စာမူများ ရေးသား ပေးပို့နိုင်ပါသည် ( နိုင်ငံရေး၊ လူမျိုးရေး၊ ဂိုဏ်းဂန နှင့် ငြိစွန်း ပါတ်သက်သော စာမူများကို လုံးဝ လက်မခံပါ )

**Min Aung Thet Lwin, 142A , Changi road , Singapore 419724**
**E-mail; min_atl @ yahoo.com.sg (( Phone (65) 81222320 ))**

((သခင့်စကား စာစောင်ကို www.jbcs.org.sg တွင် အခမဲ့ ဖတ်ရှုနိုင်ပါသည် ))